# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

July 4 , 2023 Volume 68, Number 2


၄.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၉၂၄ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း) နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခြင်း



စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ (မူကြမ်း) နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ(၁)၌ Virtual စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်ကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆိုပါ မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက်မှ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို စတင်အာဏာသက်ဝင်၍ ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် အဓိကလိုအပ်သည့် နည်းဥပဒေ(၂)ရပ်အား ရေးဆွဲလျက်ရှိပါကြောင်း၊ ပထမ နည်းဥပဒေဖြစ်သည့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေး ဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ (မူကြမ်း)နှင့် စပ်လျဉ်း သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပခဲ့ပြီး ဥပဒေ ရေးရာဝန်ကြီးဌာနထံသို့ သဘောထားမှတ်ချက်တောင်းခံခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ထားပြီးဖြစ်ပါ ကြောင်း၊ နည်းဥပဒေ နောက်တစ်ခုဖြစ်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်း စီမံခန့်ခွဲသည့်အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)ကိုလည်း ရေးဆွဲပြုစုခဲ့ပြီး အဆိုပါ နည်းဥပဒေ(မူကြမ်း)အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှ သဘောထားမှတ်ချက်များ တောင်းခံရရှိထားပြီဖြစ်ပါသောကြောင့် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များအပေါ် ထည့်သွင်းစဉ်းစားသုံးသပ်ပြီး အဆိုပြုဖော်ပြချက်များနှင့် ပြင်ဆင် ထားရှိမှုအပေါ် အတည်ပြုနိုင်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ နည်းဥပဒေပြဋ္ဌာန်းခြင်းဖြင့် စုပေါင်း စီမံခန့်ခွဲသည့် အဖွဲ့အစည်းများက စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး လက်ရာရှင်များထံ ပြန်လည်ခွဲဝေပေးခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ဝန်ဆောင်ခဖြင့်သာ စီမံဆောင်ရွက်ပေးနိုင်မှာဖြစ်သလို လက်ရာများအား အသုံးပြုမှုများကို ကြီးကြပ်ဆောင်ရွက် ရသဖြင့် မူပိုင်ခွင့်ချိုးဖောက်ခံရမှုများ လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပရှိ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်း သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး မူလလက်ရာရှင်များ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့်အခွင့်အရေး ပိုင်ရှင်များအတွက် များစွာသော အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးမှ ဆွေးနွေးအကြံပြုချက်များနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြီး နည်းဥပဒေ အတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံတို့က စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု အခြေအနေ၊ ပြင်ဆင်ထားရှိမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြရာ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source: HTTPS://WWW.COMMERCE.GOV.MM/MY/ARTICLE/%E1%80%9E%E1%80%**

## အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ




ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များပါဝင် သော အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ၏ အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ၏ ပင်ရင်းထုတ်ကုန်များအတွက် အကောက်ခွန်သက်သာခွင့်ကို ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ အရာထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးရှိစွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊

အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသသည် စာချုပ်ဝင်နိုင်ငံများအတွက် အဓိကမှတ်တိုင်တစ်ရပ်ဖြစ်ပါကြောင်း၊ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည် ကုန်စည်ကုန်သွယ်ရေးတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိစေပါကြောင်း၊ သို့ဖြစ်ရာ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်အရ ကျင့်သုံးသည့် အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းတို့ကို နားလည်သဘောပေါက်ခြင်းဖြင့် သဘောတူစာချုပ်အရ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးကိုရယူ၍ သက်ဆိုင်ရာ အရာထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို မည်ကဲ့သို့ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်အသုံးချသွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ ပင်ရင်းနိုင်ငံစည်းမျဉ်း ဆပ်ကော်မတီ၏ ပူးတွဲသဘာပတိ Mr.Gusmiadi-rrahman၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီမံကိန်းတာဝန်ရှိသူ Mr. Kris Shandi Soekatawi ဆွေးနွေးပို့ချမည့် ဗီယက်နမ်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ် စုစုပေါင်း (၄၅) ဦးဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဇူလိုင်လအတွင်း နိုင်ငံတကာ ကုန်သွယ်ရေကြောင်း သင်္ဘော ၅၃ စင်း ဆိုက်ကပ် ကုန်သွယ်မည်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဇူလိုင်လအတွင်း နိုင်ငံတကာ ကုန်သွယ်ရေကြောင်းသင်္ဘော ၅၃ စင်း ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရသည်။

ထိုသို့ နိုင်ငံတကာသင်္ဘောလိုင်းများ ဆိုက်ကပ်ရာတွင် Sealand Maersk Asia သင်္ဘောလိုင်း၊ SITC သင်္ဘောလိုင်း၊ MSC သင်္ဘောလိုင်း၊ Samudera Shipping သင်္ဘောလိုင်း၊ Ever Green သင်္ဘောလိုင်း၊ P.I.Lသင်္ဘောလိုင်း၊ New Golden Sea(COSCO) သင်္ဘောလိုင်း၊ R.C.L သင်္ဘောလိုင်း၊ Land and Sea သင်္ဘောလိုင်း၊ CMA-CGMသင်္ဘောလိုင်း၊ I.A.L သင်္ဘောလိုင်း၊ One သင်္ဘောလိုင်း၊ BLPLသင်္ဘောလိုင်းတို့မှ ဝင်ရောက် ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ နိုင်ငံတကာ သင်္ဘောလိုင်းများ ဆိုက်ကပ် ကုန်သွယ်ရာတွင် Sealand Maersk Asia သင်္ဘောလိုင်းမှ ကိုးစင်း၊ SITC သင်္ဘောလိုင်းမှ လေးစင်း၊ MSC သင်္ဘောလိုင်းမှ လေးစင်း၊ Samudera Shipping သင်္ဘောလိုင်းမှ ခုနစ်စင်း၊ Ever Green သင်္ဘောလိုင်းမှ နှစ်စင်း၊ P.I.L သင်္ဘောလိုင်းမှ သုံးစင်း၊ New Golden Sea(COSCO) သင်္ဘောလိုင်းမှ ငါးစင်း၊ R.C.L သင်္ဘောလိုင်းမှ ခြောက်စင်း၊ I.A.L သင်္ဘောလိုင်းမှ သုံးစင်း၊ Land and Sea သင်္ဘောလိုင်းမှ နှစ်စင်း၊ CMA-CGM သင်္ဘောလိုင်းမှ သုံးစင်း၊ One သင်္ဘောလိုင်းမှ လေးစင်း၊ BLPL သင်္ဘောလိုင်းမှ တစ်စင်း စုစုပေါင်း သင်္ဘော ၅၃ စင်း ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ လစဉ် သင်္ဘောများ ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်ခဲ့ပြီး ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ အလျား မီတာ ၂၀၀၊ တန်ချိန် ၃၀၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှလည်း အလျား မီတာ ၂၅၀၊ တန်ချိန် ၃၅၀၀၀ ရှိသည့် အပြည်ပြည် ဆိုင်ရာ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်းဖြင့် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ မြန်မာ့

ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဓိကကျသည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကုန်သွယ်မှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/42671

## သစ်တောထွက်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၆ သန်းနီးပါးရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၆ ရက်အထိ ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆ သန်းနီးပါးရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကာလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၈၂ သန်း ရရှိထားခြင်းဖြစ်ပြီး ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉၂၈ သန်းအထိ ရရှိခဲ့ခြင်းဖြစ်ကာ ထိုကာလတူနှစ်ခု နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၅ ဒသမ ၉၆၆သန်း လျော့ကျခဲ့ခြင်းဖြစ်သည်။

နှစ်အလိုက် ပြည်ပသို့ သစ်တောထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၁၇၄ ဒသမ ၇၈၄ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၁၅၄ ဒသမ ၀၆၆ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၁၂၈ ဒသမ ၀၇၂ သန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၈၃ ဒသမ ၉၀၁ သန်း ရရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် သစ်တောထွက်ပစ္စည်း အမျိုးအစားပေါင်း ၂၅ မျိုးရှိပြီး ယင်းပစ္စည်းများမှာ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်ပါးလွှာ၊ အထပ်သား၊ ဝါး၊ ကြိမ်၊ ရှားစေး၊ လျှော်၊ သနပ်ခါး၊ ဖာလာစေ့၊ ပျားဖယောင်း၊ ချိပ်၊ သင်ပေါင်းသား၊ အင်တွဲ၊ ပွဲ့လျက်၊ ကညင်ဆီ၊ ထင်းရှူးဆီ၊ လင်းနို့ချေး၊ သစ်ခွ၊ သစ်စေး၊ ဘုမ္မရာဇာ၊ ငှက်သိုက်၊ ဓနိ၊ သက်ငယ်နှင့် ကရမက်တို့ဖြစ်ကြောင်း သိရသည်။

Source: https://t.me/sdtimedaily

## စားအုန်းဆီရည်ညွှန်းဈေးထပ်တက်၊ ပြင်ပဈေးကွက်တွင် တစ်ပိဿာ ၈၀၀၀ ကျပ်ပေါက်ဈေးရှိ

ယနေ့(ဇူလိုင် ၃ ရက်)တွင် စားအုန်းဆီလက်ကားရည်ညွှန်းဈေး အနည်းငယ်ပြန်တက်လာပြီး ပြင်ပဈေးကွက်တွင်လည်း တစ်ပိဿာ ၈၀၀၀ ကျပ်ထိ ပေါက်ဈေးရှိနေကြောင်း စားသုံးဆီရောင်းဝယ်သူများထံမှသိရသည်။

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ စားအုန်းဆီလက်ကားရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၀၁၀ ကျပ်ဖြစ်ပြီး၊ ယနေ့(ဇူလိုင် ၃ ရက်) တွင် ၄၀၃၀ ကျပ်ရှိကြောင်း၊ ဈေးနှုန်းအနည်းငယ်လျော့ကျလာခြင်းဖြစ်သော်လည်း ပြင်ပပေါက်ဈေးမှာ တစ်ပိဿာ ၈၀၀၀ ကျပ်ပေါက်ဈေးရှိနေကြောင်း စားသုံးဆီဈေးကွက်အတွင်းမှသိရသည်။

ရန်ကုန်မြို့အတွင်း စားအုန်းဆီပြင်ပပေါက်ဈေးမှာ ဇွန် ၂၀ ရက်တွင် တစ်ပိဿာလျှင် ၆၇၀၀ ကျပ်မှ ၇၀၀၀ ကျပ်၊ ဇွန် ၂၉ ရက်တွင် ၇၈၀၀ ကျပ်မှ ၈၂၀၀ ကျပ်၊ ဇူလိုင် ၂ ရက်တွင် တစ်ပိဿာ ၉၀၀၀ ကျပ်နှင့် ယနေ့(ဇူလိုင် ၃ ရက်)တွင် ၈၀၀၀ ကျပ်ပေါက်ဈေးရှိနေကြောင်း အခြေခံစားသောက်ကုန်အရောင်းဆိုင်များထံမှသိရသည်။ "ကုန်သည်တွေက ဆီတွေဝယ်ပြီး လှောင်ရင်လည်း လှောင်ကြမှာပေါ့။ ပထမတော့ ဆီမရှိဘူးပြောတယ်။ အခုကျတော့" ဟု စားအုန်းဆီလက်ကားရောင်းဝယ်ယူ တစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်၍ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

**Source:** https://t.me/sdtimedaily

## အရောင်းအဝယ်အေးသွားသည့်အတွက် အမြင့်ဈေးရောက်နေသည့် ကြက်သွန်ဈေး အနည်းငယ်ကျဆင်း

အရောင်းဝယ်အေးသွားသည့်အတွက် အမြင့်ဈေးရောက်နေသည့် တောကြက်သွန်ဈေး အနည်းငယ်ကျဆင်းသွားကြောင်း ကြက်သွန်ကုန်သည်များမှ သိရသည်။

ယခုနှစ်နွေကြက်သွန် အထွက်နည်းခဲ့သည့်အတွက် ကြက်သွန်ဈေးမှာ အမြင့်ဈေးတွင်ရှိနေပြီး လက်ရှိပြည်ပအဝယ်နည်းသွားသည့်အတွက် အနည်းငယ်ကျဆင်းသွားခြင်းဖြစ်ကြောင်းလည်း သိရသည်။ သို့သော် ယခုဈေးမှာ ပြီးခဲ့သည့် နှစ်ဖြင့်ယှဉ်လျှင် အတက်ဈေးမှာရှိနေသေးသည်ဟုပြောလို့ရကြောင်း တောင်သူများကပြောသည်။

ကြက်သွန်ဈေးက နည်းနည်းပြန်အေးသွားတယ်လို့ပြောရမယ်၊ စောစောပိုင်းက တော်တော်လေး တက်လိုက်တာ၊ ၁၃၀၀ တန်ကနေ မထင်ထားလောက်တဲ့အထိတက်သွားတာ တောဈေး ၂၀၀၀ ထိဖြစ်သွားတယ်။ အခုလက်တလော နိုင်ငံခြား အဝယ်နည်းသွားတယ်။ သိပ်အားမပါတော့ ၁၈၀၀ ဈေးနဲ့ ငြိမ်နေတာ”ဟု မြင်းခြံမှ ကြက်သွန်စိုက်ပျိုးရောင်းချသည့် ကုန်သည်ကိုသက်ဖြိုးက ပြောသည်။

ပြီးခဲ့သည့် အပတ်က ပြည်ပ အဝယ်ဆွဲကာ အရောင်းဝယ်ကောင်းခဲ့သည့်အတွက် ကြက်သွန်တစ်ပိဿာလျှင် တောဈေး ၂၀၀၀ ခန့်အထိ ရှိခဲ့ပြီး လတ်တလော အရောင်းအဝယ်အေးသွားသည့်အတွက် တစ်ပိဿာလျှင် ၁၈၀၀ ဈေးဖြင့် ငြိမ်နေကြောင်း သိရသည်။ ကြက်သွန်ဈေးမှာ ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ်မူတည်ကာ ဈေးနှုန်းများပြောင်းလဲနိုင်ကြောင်းလည်း သိရသည်။

အခုလက်ရှိ ဈေးတန်းကတော့ မဆိုးဘူးလို့ပြောလို့ရတယ်။ ဒါပေမဲ့ အမြတ်အစွန်းကတော့ အစစအရာရာ ဈေးတက်နေတော့ စိုက်စရိတ်က မြင့်သွားတယ်၊ ဒါကြောင့် ပြန်ရတဲ့အမြတ်အစွန်းကတော့ နည်းတာပေါ့”ဟု မကွေးတိုင်းဒေသကြီးမှ ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် နွေကြက်သွန်အထွက်နှုန်းမှာ စိုက်နိုင်သည့်ဒေသများတွင် သုံးပုံတစ်ပုံခန့်ထိလျော့ကျခဲ့ပြီး အခြေအနေအမျိုးမျိုးကြောင့်လုံးဝမစိုက်နိုင်သည့် ဒေသများလည်းရှိကြောင်း ကြက်သွန်စိုက်ပျိုးရောင်းချသူများက သုံးသပ်ကြသည်။

လက်ရှိ ဈေးကွက်တွင် မြစ်သားကြက်သွန်များမှာ ဈေးကွက်အမြင့်ဆုံးနှင့် အရောင်းဝယ်ပိုဖြစ်ကြောင်း သိရသည်။ ကြက်သွန်နီဈေးတွေက ပြန်တက်နေတယ်။ ကြက်သွန် အသေးလေးတွေ အသေးဆုံးကိုပဲ တစ်ပိဿာ ၂၃၀၀ ဈေးနဲ့ ဝယ်ရတယ်။ ကျန်တဲ့အရွယ်တွေက ၂၆၀၀ နဲ့အထက် အစားစားဝယ်ရတယ်”ဟု သင်္ဃန်းကျွန်းမြို့နယ်နေသူ မဆုမြတ်က ပြောသည်။

လက်ရှိ ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူ တစ်ပိဿာလျှင် ၁၅၀၀ မှ ၁၇၀၀၊ မြစ်သား တစ်ပိဿာလျှင် ၁၅၀၀ မှ ၂၅၀၀၊ မြင်းခြံတစ်ပိဿာလျှင် ၁၅၅၀ မှ ၁၆၅၀ ထိဈေးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ပွဲရုံတချို့ထံမှ သိရသည်။

ကြက်သွန်နီကို လက်ရှိ တရုတ်၊ မြဝတီ၊ ဘင်္ဂလားဒေ့ရှ်ကို ပုံမှန်တင်ပို့နေခြင်းဖြစ်ပြီး ၈ လပိုင်းနှင့် ၉ လပိုင်းတွင် ကြက်သွန်ရှားကာဈေးတက်လာနိုင်ကြောင်း မန္တလေးမြို့ ကြက်သွန်ပွဲရုံတွေများမှ သုံးသပ်ပြောထားခြင်းများရှိသည်။

လတ်တလောတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်သွင်းအားစုများ ဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေး အပါအဝင် အခြားအခက်ခဲများစွာရှိနေကြောင်း သိရသည်။

လက်ရှိ သွင်းအားစုများ ဈေးကြီးနေသည့်အတွက် မြေသြဇာကောင်းကောင်းမသုံးနိုင်ပါက အထွက်နှုန်းနည်းကာ အရည်အသွေးလည်း ကျဆင်းနိုင်ကြောင်း ကြက်သွန်ကုန်သည်များက ပြောဆိုသည်။

လက်ရှိ ဈေးကွက်တွင် နွေကြက်သွန်များ အရောင်းအဝယ်လုပ်နေခြင်းဖြစ်ပြီး ၁၁ လပိုင်းနှင့် ၁၂ လပိုင်းမှာသာ မိုးကြက်သွန် စတင်စိုက်ပျိုးကြမည်ဖြစ်ကြောင်းသိရသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်း တန်ဖိုးမှာ ၆၉၆၁၄၈.၆၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၉၆၄၆၃၆.၂၉ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ နိုင်လွန်ပဲနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၆၂၁၁၇.၂၈ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၄၃၄၀၃၁.၃၃ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေသြဇာများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ လယ်ထွန်စက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းမှု ရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၂၁၈၀၆.၆၈ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၄၂၈၂၉.၆၁ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉.၈၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: မနောမြေကုန်သွယ်မှုဇဟိုဋ္ဌာန

## အိန္ဒိယသည် ပဲစင်းငုံဈေးနှုန်းကို ထိန်းသိမ်းနိုင်ရန်အတွက် ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်း ပိုမိုပြီး တန်ချိန် ၁၂ သိန်း တင်သွင်းမည်

ပြည်တွင်းထုတ်လုပ်မှုကျဆင်းသောကြောင့် ပဲစင်းငုံဈေးနှုန်းမြင့်တက်မှုနှင့်ရင်ဆိုင်နေရသော အိန္ဒိယသည် ဈေးနှုန်း မြင့်မားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခုနှစ်တွင် ယခင်နှစ်ထက် ၃၅ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၁၂ သိန်းခန့် တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ အိန္ဒိယတစ်နိုင်ငံလုံးတွင် ပဲစင်းငုံဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၅ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပြီး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၁၂၈.၆၆ ထိ ရောက်ရှိခဲ့ကြောင်း၊ သို့ရာတွင် ပဲစင်းငုံတင်သွင်းမှုများစတင်ပါက ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည်ဟု စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar Singh က သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ပဲစင်းငုံ၏ ပြည်တွင်းထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်က တန်ချိန် ၃၉ သိန်းထွက်ရှိသော်လည်း ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် တန်ချိန် ၃၀ သိန်းအောက်သို့ ကျဆင်းခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ပဲစင်းငုံစားသုံးမှုမှာ တန်ချိန် ၄၄ သိန်း နှင့် ၄၅ သိန်းကြားရှိပါကြောင်း၊ ထို့ကြောင့် ပဲစင်းငုံကို နှစ်စဉ် ပြည်ပမှတင်သွင်းရပြီး ယခုနှစ်တွင် ပိုမိုတင်သွင်းရန် လိုအပ်မည် ဖြစ်ပါကြောင်းနှင့် တန်ချိန် ၁၂ သိန်း တင်သွင်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံနှင့် အာဖရိကအရှေ့ပိုင်း နိုင်ငံများမှ တန်ချိန် ၉ သိန်းနီးပါး တင်သွင်းထားပြီးဖြစ်ပါကြောင်း၊ အာဖရိကနိုင်ငံများမှ သီးနှံများမှာ ရိတ်သိမ်းချိန်နီးနေပြီး ဩဂုတ်လတွင် အိန္ဒိယဈေးကွက်သို့ ရောက်ရှိလာမည်ဖြစ်သဖြင့် ပြည်တွင်းဈေးနှုန်းများ ပြန်လည်ကျဆင်းလာနိုင်သည်ဟု Kumar က ပြောကြားထားကြောင်း သိရှိရပါသည်။

ပဲစင်းငုံဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇွန်လ ၂ ရက် နေ့တွင် ကြေညာခဲ့သည့် ကုန်သည်များ၊ ကြိတ်ခွဲသူများနှင့် တင်သွင်းသူများ၏ သိုလှောင်နိုင်မှု ပမာဏကန့်သတ်ချက်သည် ဈေးနှုန်းထိန်းချုပ်ရေးအတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်းနှင့် ပဲစင်းငုံဈေးနှုန်းသိသိသာသာကျဆင်းခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထို့အပြင် အစိုးရက အရန်သိုလှောင်ထားသည့် တန်ချိန် ၅ သောင်းကို ဈေးကွက်အတွင်း ဖြန့်ဝေပေးရန် ဆုံးဖြတ်ခဲ့ခြင်းသည်လည်း ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချပေးနိုင်ခဲ့သည့် အချက်တစ်ချက်ဖြစ်သည်ဟု Kumar က ပြောကြားခဲ့ ကြောင်းလည်း ဖော်ပြထားပါသည်။

ထို့အပြင် အိန္ဒိယတစ်နိုင်ငံလုံးတွင် မတ်ပဲဈေးနှုန်းများမှာ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၇.၂၂ ရာခိုင်နှုန်းခန့်ကြီးမြင့်ခဲ့ပြီး ဇွန်လ ၂၈ ရက်နေ့တွင် ၁ ကီလိုဂရမ်ဈေးနှုန်းမှာ ရူပီး ၁၁၁.၇၇ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှသိုလှောင်၍ ဈေးကစားခြင်းကြောင့် ဖြစ်ပြီး ယခုအခါမိုးရာသီစတင်ပြီဖြစ်သဖြင့် ဆက်လက်သိုလှောင်ထားနိုင်ခြင်းရှိမည်မဟုတ်ဘဲ တင်သွင်းမှုများ တိုးတက်

ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါပဲများကို တခြားသောနိုင်ငံများမှ စားသုံးခြင်းမရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့သာ ရောင်းချရမည်ဖြစ်ပါကြောင်းနှင့် မိမိတို့၏သီးနှံများလည်း အသစ်ထွက်ရှိတော့မည်ဖြစ်သဖြင့် ဈေးနှုန်းမှာ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်းလည်း စားသုံးသူရေးရာဌာနအတွင်းဝန်က ထပ်လောင်းပြောကြားထားပါသည်။

ပဲတီစိမ်းဈေးနှုန်းမှာလည်း ပြီးခဲ့သည့်နှစ်ထက် ၇.၀၇ ရာခိုင်နှုန်းတက်ခဲ့ပြီး ဇွန်လ ၂၈ ရက် က ၁ ကီလိုဂရမ်လျှင် ၁၀၉.၂၃ ရူပီးထိရှိခဲ့ပါကြောင်း၊ သို့ရာတွင် ယခုနှစ်တွင် ပြည်တွင်းထွက်ရှိမှု တိုးတက်လာမည်ဟု ခန့်မှန်းထားသဖြင့် ဈေးနှုန်းများ ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ပဲနီလေးဈေးမှာမူ ပြီးခဲ့သည့်နှစ်ထက် ၅ ရာခိုင်နှုန်းထက်လျော့နည်းပြီး ဇွန် ၂၈ ရက်နေ့တွင် ၁ ကီလိုဂရမ်လျှင် ၉၁.၇၈ ရူပီးဖြစ်ခဲ့ပါကြောင်း၊ ပဲနီလေးမှာလည်း ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သိန်းခန့်သာရှိပြီး ပြည်းတွင်းစားသုံးမှု တန်ချိန် ၂၂ သိန်းထက် လျော့နည်းသဖြင့် ပြည်ပမှ တန်ချိန် ၆ သိန်းခန့် တင်သွင်းရပါကြောင်း၊ သို့ရာတွင် ပဲစင်းငုံနှင့်မတူသည့်အချက်မှာ ပဲနီလေးကို ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့မှ တင်သွင်းခြင်းဖြစ်ပြီး ယင်းနိုင်ငံတို့တွင် အထွက်နှုန်းကောင်းမွန်သဖြင့် ဈေးကွက်တွင် ပေါများစွာဝယ်ယူနိုင်သဖြင့် ဈေးနှုန်းမှာ ယခုထက်ပိုမို ကျဆင်းနိုင်ပါကြောင်း၊ အိန္ဒိယအနေဖြင့် ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် ပဲနီလေး တန်ချိန် ၁၁ သိန်း တင်သွင်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံစားသုံးမှု၏ ၄၆ ရာခိုင်နှုန်းမှာ ကုလားပဲဖြစ်သော်လည်း တစ်နှစ်ပတ်လုံး ဈေးနှုန်းတည်ငြိမ်လျက် ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ နေရာဒေသအပေါ်မူတည်၍ ပဲအမျိုးအစား ကြိုက်နှစ်သက်မှု ကွာခြားသကဲ့သို့ ပဲမျိုးစုံ၏ ဈေးနှုန်းသည်လည်း စားသုံးသူများအပေါ် အထူးသက်ရောက်မှုရှိသဖြင့် ပဲဈေးကွက်တစ်ခုလုံးကိုခြုံငုံ၍ အစဉ်တစိုက်လေ့လာစောင့်ကြည့်လျက်ရှိသည်ဟု စားသုံးသူရေးရာဌာန အတွင်းဝန်က ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: India to import 35 pc more tur dal at 12 lakh tons to check prices, The Economic Times, 2 July, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2003072023%2014:%2041

## ထိုင်းအကောက်ခွန်ဦးစီးဌာနက အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်

ဇွန်လလယ်အတွင်း ဂျပန်ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံခဲ့သည့် အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီး Mr. Arkhom Termpittayapaisith က ပို့ကုန်၊ သွင်းကုန်အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ အထူးသဖြင့် မော်တော်ယာဉ်များ သက်ဆိုင်သောနယ်ပယ်များတွင် လွယ်ကူစေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်ရန် အကောက်ခွန်ဦးစီးဌာနကို ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံကို ထုတ်လုပ်မှုနှင့် ကုန်ကြမ်းထောက်ပံ့ရေးကွင်းဆက်အတွက် အခြေစိုက်ရာ နေရာအဖြစ် အသုံးပြုလျက်ရှိသော ဂျပန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်ရေးကဏ္ဍတွင် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်း၊ Chipsများ ပြတ်တောက်မှုကြောင့် မော်တော်ယာဉ် ထုတ်လုပ်ရေးတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ပြီး ဝယ်ယူသူများ စောင့်ဆိုင်းခဲ့ရကြောင်း၊ အကောက်ခွန်လုပ်ငန်းစဉ်များကို မြန်ဆန်ပါက တည်ငြိမ်သော ထောက်ပံ့ရေးကွင်းဆက်ဖြစ်နိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားပါသည်။

ဂျပန်နိုင်ငံက အချိန်မီထုတ်လုပ်ရေးနှင့် ကြိုတင်အမှာများကို တင်ပို့နိုင်ရန်သာမက ပြည်တွင်းတွင် ရောင်းချနိုင်ရေးအတွက် မော်တော်ယာဉ်အစိတ်အပိုင်းများ တင်သွင်းမှုလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံကို အရှိန်မြှင့်တင်ဆောင်ရွက်စေလိုကြောင်း၊ ထိုင်းနိုင်ငံရှိ မော်တော်ယာဉ်ဈေးကွက်သည် High-end ဖြစ်ပါကြောင်း၊ ဂျပန်အနေဖြင့် ကုန်သွယ်မည့် ပို့ကုန်/သွင်းကုန်များအတွက် ထုတ်ကုန်၏ Code များကို နိုင်ငံတကာအဆင့်မီ တစ်ပြေးညီစနစ်ကို အသုံးပြုရန်အတွက် ထိုင်းနိုင်ငံကို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆက်လက်ပြောကြားပါသည်။

ယင်းစနစ်ကို အခွန်ပေးဆောင်ရာ၌ ထုတ်ကုန်များကိုသတ်မှတ်ရန် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိပါကြောင်း၊ အချို့တင်သွင်းသူများက မတူညီသော Code များကို အသုံးပြုသဖြင့် သွင်းကုန်အခွန်တွင်မတူညီဘဲ အကောက်ခွန်

ရှင်းလင်းရေးတွင် နှောင့်နှေးမှုများဖြစ်ပေါ်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန်မှာ ဂျပန်နိုင်ငံသည် ထိပ်ဆုံးမှရပ်တည်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်း ၎င်းကဆိုပါသည်။

ထိုင်းနိုင်ငံမှ Isuzu ထုတ်လုပ်သည့်အခြေစိုက်ကို အင်ဒိုနီးရှားနိုင်ငံသို့ ရွှေ့ပြောင်းမည်ဆိုသည်မှာ မမှန်ကန်ပါကြောင်း၊ ရွှေ့ပြောင်းမည့် အစီအစဉ်မရှိကြောင်းကို ဂျပန်နိုင်ငံမှအတည်ပြုပြီးဖြစ်ပါကြောင်း Mr. Arkon က ပြောကြားခဲ့ပါသည်။ Krungthai Compass ၏ ယခင်နှစ်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် မော်တော်ယာဉ်အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် အလှဆင်ပစ္စည်းများတင်ပို့မှုတွင် ကမ္ဘာ့အဆင့် ၁ ဖြစ်သည်ဟု ဖော်ပြထားပါသည်။

**Source:www.bangkok post. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_040720230954

## STOCK EXCHANGE (4.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 105,221 (Shares) | 204,589,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 630 | 5,040,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 8,085 | 22,873,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 93 | 669,600 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,500 | 5,955 | 8,932,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,800 | 5,000 | 4,800 | 231 | 1,109,500 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 75,227 | 138,215,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.02 | +0.16 | +0.05% | 354.86 | 355.02 | 353.50 | 90,221 | 176,839,800 | 8 | 669,626 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 105,221 (Shares) | 204,589,800 (MMK) |

## Main Board

As of 1:00 pm, 4th Jul, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 105,221 (Shares) | 204,589,800 (MMK) |

| MYANPIX | 355.02 ▲ 0.16 |
|---|---|
| Total Volume (shares) | 90,221 |
| Total Value (MMK) | 177 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,626 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▼ 50 |

TIR